# NEWSLETTER 8th

JULY
AUGUST
SEPTEMBER
2025

www.proven.com.mm

# PROVEN GROUP OF COMPANIES LTD.





## HIGHLIGHT

- PROVEN GROUP OF COMPANIES LTD. ၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေး ကျင်းပခြင်း၊
- PROVEN INTERNATIONAL CO., LTD. ၏ နှစ်ပတ်လည်အထွေထွေအစည်း အဝေးကျင်းပခြင်း၊
- PROVEN POLYWORLD CO., LTD. ၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပခြင်း၊
- COMMITEE (၃)ရပ်၏ အစည်းအဝေးများ ကျင်းပခြင်း၊
- WRITE-OFF MEETING များကျင်းခြင်း၊
- နှစ်ပတ်လည်အစီရင်ခံစာရေးသားရန်အတွက် အစီအစဉ်များချမှတ်ခြင်း၊
- ဝန်ထမ်းထုအစည်းအဝေးကျင်းပခြင်း၊ CODE OF CONDUCT အသိပညာပေးဟောပြောပွဲ ကျင်းပခြင်း၊
- FUTSAL CHAMPIONSHIP ပြိုင်ပွဲကျင်းပခြင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ သင်တန်းများပို့ချခြင်း၊
- ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ CSR ဆိုင်ရာပါဝင်ဆောင်ရွက်ခဲ့မှုများ၊
- EXHIBITION ပွဲများတွင် ပါဝင်ခဲ့ခြင်း၊







# Proven Group of Companies Ltd. ၏ စတုတ္ထအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကျင်းပခြင်း





Proven Group of Companies ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်စုံညီအစည်းအဝေးနှင့် နှစ်ပတ်လည်အစည်းအဝေး အထိမ်းအမှတ်ညစာစားပွဲကို ၂၀၂၅ ခုနှစ် ဩဂုတ် ၁၆ ရက် (စနေနေ့)တွင် ရန်ကုန်မြို့ ရှိ The Eravati Sule Grand Yangon Hotel, Gallery 1+2, Level-1 ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အစည်းအဝေးသို့ Proven Group of Companies ၏ အစုရှယ်ယာရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များနှင့် အကြံပေးပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပြီး ညစာစားပွဲကို Proven Group ၏ မိသားစုဝင်များ၊ ညီနောင်ကုမ္ပဏီမှ Board of Directors များ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ စုံလင်စွာဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။ ညစာစားပွဲအား ဖျော်ဖြေရေး အစီအစဉ်များနှင့် အတူ ပျော်ရွှင်စွာ ကျင်းပနိုင်ခဲ့ပြီး အမှတ်တရ မှတ်တမ်းဓာတ်ပုံများရိုက်ကူးခဲ့ကြပါသည်။





















## Proven International Co., Ltd. ၏ ပဉ္စမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး ကျင်းပခြင်း





Proven Group of Companies ၏ ညီနောင်ကုမ္ပဏီတစ်ခုဖြစ်သည့် Proven International Co., Ltd. ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ပဉ္စမအကြိမ်မြောက် နှစ်ပတ်လည်စုံညီ အစည်းအဝေးကို Proven Group of Companies Ltd. ၏ ရုံးချုပ်တွင် ၂၀၂၅ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့ (ဗုဒ္ဓဟူးနေ့)တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ဒါရိုက်တာအဖွဲ့ဝင်များနှင့် အစုရှယ်ယာရှင်များ၊ စာရင်းပညာရှင်များနှင့် ပြင်ပစာရင်းစစ်အဖွဲ့တို့မှ လူကိုယ်တိုင်နှင့် Online မှတစ်ဆင့် တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ အစည်းအဝေးတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများ၊ အမြတ်ဝေစုခွဲဝေမှု ကိစ္စရပ်များ၊ ဒါရိုက်တာအဖွဲ့ဖွဲ့စည်းခြင်းကိစ္စရပ်များအပြင် ပြင်ပစာရင်းစစ်အဖွဲ့ခန့်အပ်ခြင်းကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

## Proven Polyworld Co., Ltd. ၏ နဝမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး ကျင်းပခြင်း



Proven Group of Companies Ltd. ၏ ညီနောင်ကုမ္ပဏီတစ်ခု ဖြစ်သည့် Proven Polyworld Co., Ltd. ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် နဝမအကြိမ်မြောက် နှစ်ပတ်လည်စုံညီ အစည်းအဝေးကို Online မှတစ်ဆင့် ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့(ဗုဒ္ဓဟူးနေ့)တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးတွင် စက်ပစ္စည်းများ ထပ်မံရင်းနှီးမြှုပ်နှံရန်ကိစ္စရပ်များ၊ ပြင်ပစာရင်းစစ်ခန့်အပ်မှုများကို ဆွေးနွေးခဲ့ကြပါသည်။

## Nomination & Remuneration Committee ၏ အစည်းအဝေး ကျင်းပခြင်း







Proven Group of Companies Ltd. ၏ နှစ်ပတ်လည်စုံညီအစည်းအဝေး မတိုင်မီ Nomination & Remuneration Committee အနေဖြင့် ဒါရိုက်တာအဖွဲ့ဝင်များအား ရွေးချယ်ခြင်း၊ ကိုယ်စားပြုစေလွှတ်သော ဒါရိုက်တာများ ရွေးချယ်ခြင်း၊ ကော်မတီဝင်များ၏ အမည်စာရင်းများတင်သွင်းခြင်း၊ အမှုဆောင်ဒါရိုက်တာများနှင့် ဝန်ထမ်းများအတွက် Bonus နှင့် ခံစားခွင့်များကို အဆိုပြုဆွေးနွေးခြင်းတို့ကို ဘုတ်အဖွဲ့အနေဖြင့် ဆုံးဖြတ်နိုင်စေရန် အတွက် တင်ပြခြင်းပြုလုပ်နိုင်စေရန်အတွက် ကော်မတီအစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၃)ရက်နေ့တွင် ကျင်းပခဲ့ပါသည်။

## Audit & Risk Management Committee ၏ အစည်းအဝေး ကျင်းပခြင်း




Proven Group of Companies Ltd. ၏ နှစ်ပတ်လည်စုံညီအစည်းအဝေးမတိုင်မီ Audit & Risk Management Committee အနေဖြင့် ညီနောင်ကုမ္ပဏီအသီးသီးရှိ ပြင်ပစာရင်းစစ်အဖွဲ့များ၏ Exit Meeting များပြုလုပ်ပြီးနောက် တွေ့ရှိချက်များကို တင်ပြခြင်း Management အဖွဲ့များနှင့် ဆွေးနွေးခဲ့ကြပြီး ဘုတ်အဖွဲ့သို့ တင်ပြရန် အချက်များကို ဆွေးနွေးခဲ့ကြပါသည်။

## Business Development Committee ၏ အစည်းအဝေး ကျင်းပခြင်း




Proven Group of Companies Ltd. ၏ နှစ်ပတ်လည်စုံညီအစည်းအဝေးမတိုင်မီ Business Development Committee အနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ချက်များနှင့် လာမည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်ဆောင်ရွက်မည့် ရင်းနှီးမြုပ်နှံမှုကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး ဘုတ်အဖွဲ့သို့တင်ပြရန် အချက်များကို ဆွေးနွေးခဲ့ကြပါသည်။

## Write-off Meeting များ ကျင်းပခြင်း









Proven Group of Companies Ltd. ၏ ညီနောင်ကုမ္ပဏီများဖြစ်ကြသည့် Proven Distribution Co., Ltd. နှင့် Proven International Co., Ltd. တို့အနေဖြင့် ကြွေးဆုံးများ၊ ကုန်လက်ကျန်များ၊ ပုံသေပိုင်ပစ္စည်းများကို Write-off ပြုလုပ်မည့် အစီအစဉ်များကို ဇူလိုင်လ၊ ၂၀၂၅ ခုနှစ်တွင် အစည်းအဝေး (၂)ကြိမ်ပြုလုပ်၍ ဆွေးနွေးခဲ့ပါသည်။



## နှစ်ပတ်လည်အစီရင်ခံစာ ရေးသားရန်အတွက် အစီအစဉ်များချမှတ်ခြင်း

Proven Group of Companies Ltd. ၏ ညီနောင်ကုမ္ပဏီအသီးသီးတွင် နှစ်ပတ်လည်အစီရင်ခံစာများ ရေးဆွဲနိုင်စေရန်အတွက် သင်တန်းပေးခြင်းနှင့် Corporate Governance ဆိုင်ရာ အသိပညာဗဟုသုတများကို စီမံခန့်ခွဲသူများ သိရှိနိုင်စေရန် မျှဝေခဲ့ပါသည်။

## Proven Distribution Co., Ltd. ၏ ဝန်ထမ်းထုအစည်းအဝေးကျင်းပခြင်း





၂၀၂၅ ခုနှစ်၊ ဩဂုတ်လ (၂)ရက်နေ့တွင်  Proven Group of Companies ၏ ညီနောင်ကုမ္ပဏီဖြစ်သည့် Proven Distribution Co., Ltd. ၏ ဝန်ထမ်းထုအစည်းအဝေး (Durbar)ကို Proven Group of Companies ၏ ဒုတိယထပ်တွင် ကျင်းပခဲ့ပြီး ဌာနအသီးသီးမှ ဝန်ထမ်းများအပြင် နယ်ရုံးခွဲမှ ဝန်ထမ်းများသည်လည်း Online ဖြင့် တက်ရောက်ခဲ့ပါသည်။  အဆိုပါအစည်းအဝေးတွင် ISO Standard နှင့်အညီ ဌာနအလိုက် Objectives များ Achieved ဖြစ်/မဖြစ် Presentation များဖြင့် တင်ပြခဲ့ကြပြီး Presentation အကောင်းဆုံးဆုချီးမြှင့်ခြင်းအစီအစဉ်များ ပြုလုပ်ခဲ့ကြပါသည်။

## Code of Conduct အသိပညာပေး ဟောပြောပွဲပြုလုပ်ခြင်း





Proven Group of Companies Ltd. အနေဖြင့် လုပ်ငန်းခွင်ကျင့်ဝတ် (Code of Conduct) ကိုပြဋ္ဌာန်းခဲ့ပြီး Group တစ်ခုလုံး အနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲကာ ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုရရှိလျှက် ကျင့်ဝတ်သိက္ခာနှင့် ညီညွတ်သည့် ကုမ္ပဏီအစု အဖွဲ့တစ်ခုအဖြစ် ဆောင်ရွက်နေမှုများအပေါ် အစဉ်အလေးထား ဆောင်ရွက်နေကြောင်းကို ဝန်ထမ်းများအားလုံး သိရှိလိုက်နာနိုင်ကြစေရန်အတွက် ညီနောင်ကုမ္ပဏီအသီးသီးသို့သွားရောက်ကာ Sustainability and Compliance Manager ဦးဥက္ကာသိန်းမှ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း ဟောပြောပေးခဲ့ပါသည်။

## Futsal Championship ပြိုင်ပွဲကျင်းပခြင်း







Yangon Metal Industry Co., Ltd. အနေဖြင့် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၁၀)ရက်နေ့မှ (၁၅)ရက်နေ့အထိ ဝန်ထမ်းများအားကစားပြိုင်ပွဲများ ကျင်းပပေးခြင်းနှင့် ဆုများချီးမြှင့်ခြင်းအစီအစဉ်တစ်ရပ်အနေဖြင့် Futsal Championship 2025 ကို စက်ရုံတည်ရှိရာ မြောင်းတကာစက်မှုဇုန်နယ်မြေတွင် ပြုလုပ်ကျင်းပခဲ့ပါသည်။ စုစုပေါင်း အသင်း (၆)သင်းပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပထမ၊ ဒုတိယနှင့် တတိယနှင့် နှစ်သိမ့်ဆုများ ချီးမြှင့်ခဲ့ပါသည်။

## Proven Technology Co., Ltd. တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ သင်တန်းပေးခြင်း



Proven Technology Industry Co., Ltd. အနေဖြင့် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၁၁)ရက်နေ့တွင် ဝန်ထမ်းများအနေဖြင့် သဘာဝဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့သည့်အခါတွင် လုပ်ငန်းခွင်နှင့် လူမှုပတ်ဝန်းကျင်၌ ထိခိုက်မှုအနည်းဆုံးနှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ချက်များကို သဘောပေါက်နားလည်သိမြင်နိုင်ကြစေရန် လေ့ကျင့်သင်ကြားမှုများကို ပြုလုပ်ခဲ့ပါသည်။

## 🙏 ဝါဆိုသင်္ကန်းကပ်လှူခြင်း



ဝါတွင်း(၃)လကာလအတွင်း ဝါဆိုကြသည့် ရဟန်းသံဃာတော်များ ဝတ်ရုံရန်အတွက် သင်္ကန်းကပ်လှူခြင်းနှင့် ဆွမ်းကပ်လှူပူဇော်ခြင်းကို Proven Group of Companies Ltd. နှင့် ညီနောင်ကုမ္ပဏီအသီးသီးတွင် လှူဒါန်းခဲ့ပါသည်။ ထိုသို့လှူဒါန်းခြင်းဖြင့် ရရှိလာသည့် ကောင်းကျိုးချမ်းသာဟူသမျှကို နတ်လူသာဓုခေါ်ဆိုနိုင်စေရန် မျှဝေအပ်ပါသည်။

## Exhibition ပွဲများတွင် ပါဝင်ခဲ့ခြင်း



မြန်မာနိုင်ငံစွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA)နှင့် ရန်ကုန်တိုင်းဒေသကြီးလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (YRYEA)၊ CCI France Myanmar တို့၏ နှစ်ပတ်လည်စုံညီအစည်းအဝေးနှင့် ညစာစားပွဲအခမ်းအနားတို့တွင် Proven Distribution Co., Ltd., Proven International Co., Ltd. နှင့် Proven Energy Co., Ltd. တို့အနေဖြင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသော Toyo & Lion အမှတ်တံဆိပ်ဘက်ထရီများ၊ Solar, Inverter အပြင် New Energy Solutions ဆိုင်ရာ ဆက်စပ်ပစ္စည်းများ၊ စက်ဆီချောဆီအမှတ်တံဆိပ်များဖြစ်သည့် States, 3 M, Aisin နှင့် အခြားသောဆက်စပ်ကုန်ပစ္စည်းများကို ပြသရောင်းချခဲ့ပါသည်။

# Road Safety Day 2025













၂၀၂၅ ခုနှစ်အတွက် Road Safety Campaign တွင် Proven Group of Companies Ltd. နှင့် ညီနောင်ကုမ္ပဏီများကိုယ်စားပြုအမှတ်တံဆိပ်ဖြစ်သည့် TOYO Battery အနေဖြင့် ပူးပေါင်းပါဝင်သွားမည်ဖြစ်ပြီး ၂၀၂၅ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မှ ၁၇ ရက်နေ့အထိ ရန်ကုန်မြို့၊ အမျိုးသားကဇာတ်ရုံတွင် MORS ၏ ယာဉ်အန္တရာယ်ကင်းရှင်းရေးကော်မတီမှပြုလုပ်မည့် မော်တော်ယာဉ်နှင့် ယာဉ်အပိုပစ္စည်းပြပွဲနှင့် ယာဉ်စည်းကမ်းလမ်းစည်းကမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးပွဲတွင် ပြခန်းပြသသွားမည်ဖြစ်ပြီး လက်ကမ်းစာစောင်များနှင့် ရန်ကုန်မြို့၏ အထင်ကရနေရာများရှိ Billboard များတွင် TOYO Battery Logo အား ဂုဏ်ယူစွာဖြင့် တွေ့မြင်ရမည်ဖြစ်ပါသည်။

## လူမှုအကျိုးပြုအသင်းအဖွဲ့များထံသို့ ဘက်ထရီ၊ အင်ဂျင်ဝိုင်နှင့်စက်ဆီချောဆီများလှူဒါန်းခြင်း









"Proven Group of Companies Limited နှင့်အတူ ညီနောင်ကုမ္ပဏီများဖြစ်ကြသည့် Proven Distribution Co., Ltd. နှင့် Proven International Co., Ltd. တို့ပူးပေါင်း၍ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်ရှိ လူမှုအကျိုးပြုအသင်းအဖွဲ့များဖြစ်ကြသော ပရဟိတ ပါရမီ Myanmar Rescue၊ ခေတ္တရာလူငယ်များ သာရေးနာရေးကူညီပံ့ပိုးမှုအသင်းနှင့် ဂရုဏာသိဒ္ဓိလူမှုရေးအသင်း တို့အား လူမှုအကျိုးပြုလုပ်ငန်းများတွင် အသုံးပြုဆောင်ရွက်နေသော မော်တော်ယာဉ်များအတွက်လိုအပ်သော၊ မိမိတို့ Company မှ လက်ရှိထုတ်လုပ်ဖြန့်ချီရောင်းချလျှက်ရှိသည့် TOYO Battery၊ AISIN အင်ဂျင်ဝိုင် နှင့် စက်ဆီချောဆီများ စုစုပေါင်းတန်ဖိုးငွေကျပ် (၄၂)သိန်းနှင့်ညီမျှသောပစ္စည်းများအား ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို (၂၈ ရက်နေ့၊ ဇူလိုင်လ၊ ၂၀၂၅) ရက် (တနင်္လာနေ့) တွင် ခေတ္တရာလူငယ်များ သာရေးနာရေးကူညီပံ့ပိုးမှုအသင်း၏ ရုံးတည်နေရာတွင်ကျင်းပပြုလုပ်ခဲ့ပါသည်။"

## စာရေးစားပွဲခုံနှင့် ထိုင်ခုံများ လှူဒါန်းခြင်း









၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၈)ရက်နေ့တွင် Proven Group of Companies Ltd. နှင့် ညီနောင်ကုမ္ပဏီများမှ ဝန်ထမ်းသားသမီးငယ်လေးများ ပညာသင်ယူလျက်ရှိသည့် ရန်ကုန်တိုင်း ဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အ.မ.က (၈) အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ကျောင်းသားကျောင်းသူများအတွက် စာရေးစားပွဲခုံနှင့် ထိုင်ခုံ အစုံ (၂၀)_ တန်ဖိုးအားဖြင့် ကျပ်သိန်း (၅၀)အား ဝမ်းမြောက်ဝမ်းသာစွာဖြင့် လှူဒါန်းခြင်းကို ပြုလုပ်ခဲ့ပါသည်။

**CONTACT US**

**No. F/S-14, Bayintnaung Road, Shwe Sabei Yeikmon, Kamayut Township, Yangon, Myanmar.**
**(PostCode -11041)**
**Corporate Contact No. (+95)9 880876920**
**Office No. (+95-1) 7 531 030 / 7 531 041 / 7 527 667**
**www.proven.com.mm**

PROVEN GROUP OF COMPANIES